# သခင်တင်မြသို့ အကြံပြုချက်
# (၁၂ - ၁၀ - ၂၀၀၉)

(၁) ဗိုလ်မောင်မောင်အကြောင်းရေးတာကို ဖတ်ရပါတယ်။ ကောင်းပါတယ်။ ဗိုလ်မောင်မောင်ရဲ့ ဒိုင်ယာရီ (၁၉၄၇ က ရေးတဲ့ ဒိုင်ယာရီ) ကို ကိုးကားပြီးရေးနိုင်ရင် ပြည့်စုံမှာပါ။ ၁၉၄၇ မတ်လက စက်တင်ဘာလအထိ ဦးကျော်ငြိမ်း ပြည်ထဲရေးဝန်ကြီးရဲ့ အိမ်မှာ ကြိတ်ဝိုင်းဆွေးနွေးခဲ့ကြတဲ့အကြောင်း မှတ်တမ်းတင်ထားပါတယ်။ ဘယ်သူတွေ ကြိတ်ဝိုင်းမှာ ပါတယ်ဆိုတာလည်း တွေ့ရမှာပါ။ ကျွန်တော်တို့လည်း (မေရီကလာဟန်) ဆိုသူရေးတာ ဖတ်ရမှ သိရပါတယ်။ အဲဒီ အမေရိကန်အမျိုးသမီးကလည်း ဗိုလ်ခင်ညွန့်ကျေးဇူးနဲ့ မော်ကွန်းတိုက်ကို မွှေနှောက်ခွင့်ရ၊ မှတ်စုထုတ်ထားနိုင်လို့ သူရေးတာက အထောက်အထားခိုင်လုံပါတယ်။ (ဗိုလ်ခင်ညွန့်က မျိုးဆက်ဟောင်းတွေက ပြည်တွင်းစစ် ဖန်တီးခဲ့တာကို သူတို့က ပြည်တွင်းစစ်ရပ်စဲရေး လုပ်ခဲ့လို့ ဂုဏ်ယူချင်လို့ပဲ အမေရိကန်အမျိုးသမီးကို မော်ကွန်းတိုက်ကို အသုံးချခွင့်ပြုခဲ့တာပါ။)

(၂) ဦးကျော်ငြိမ်းအကြောင်းရေးရင်လည်း အဲဒီအမျိုးသမီးရေးတဲ့စာအုပ် (Making Enemies) ကို ဖတ်ပြီးမှရေးရင် ကောင်းပါလိမ့်မယ်။

(၃) သခင်စိုးအကြောင်းတော့ လုံလောက်ပါပြီ။ ဂျာနယ်တစောင်မှာ ဦးအောင်သင်းက ခင်ဗျားကို ဗကပ အကြောင်းရေးပါဦး၊ ဗိုလ်အောင်ဆန်းအမှားချည်း မရေးပါနဲ့လို့ရေးတာ တွေ့လိုက်တယ်။ ခင်ဗျားရေးနေတာတွေကို သူမဖတ်ဘဲ ရမ်းတုတ်လိုက်တာလို့ ထင်ပါတယ်။ ထည့်ပေးတဲ့ ဂျာနယ်အယ်ဒီတာကလည်း မဖတ်ဘူးဆိုတာ သေချာပါတယ်။

ဗကပ အကြောင်းက ခင်ဗျားထက် ပိုပြီးရေးနိုင်သူတွေက ထောက်လှမ်းရေးအကူအညီနဲ့ စာအုပ်ကြီးတွေ ထုတ်ခဲ့ပြီးပြီပဲ။ ခင်ဗျားမှာ အသစ်အဆန်းရေးစရာ မရှိပါဘူး။ သူတို့ကိုပဲ အထောက်အထားပြုပြီး ရေးရမှာပါ။ သခင်သန်းမြိုင်အကြောင်း နိဂုံးပိုင်းကို "ထို့ကြောင့်ဤသို့" အစုကလေးနဲ့ ရဲထက်ကို အထောက်အထားပြုပြီး ရေးသလိုမျိုးပဲ ရေးနိုင်မှာပါ။

ဗကပ ရဲ့ ဖြုတ်ထုတ်သတ်အကြောင်းကလေည်း ဗကပ ကိုယ်တိုင်က (နှစ် ၇၀ အထိမ်းအမှတ်ပြည်သူ့အာဏာထဲမှာ) ကိုယ့်ပေါင်ကိုယ်လှန်ထောင်းထားလို့ ရေးစရာရှိတော့မယ် မထင်ပါဘူး။ ရေးချင်သပဆိုရင်လည်း 'သခင်တင်ဖေအကြောင်း' ရေးနိုင်ပါတယ်။ ဇာတ်သိမ်းပိုင်း အထောက်အထားရချင်ရင်တော့ ဝန်ကြီးချုပ်ဟောင်း "သူရဗိုလ်ထွန်းတင်" ဆီမှာ မေးကြည့်ဖို့ လက်ထောက်ချလိုက်ပါတယ်။